မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ်ရေးဆွဲရေးနှင့်
အကောင်အထည် ဖော်ဆောင်ရွက်ရေးအတွက် နည်းပညာပံ့ပိုးကူညီရေးအဖွဲ့

**Technical Assistance for Planning and Implementing
Income Restoration Program in Myanmar**

## ရေပေးဝေရေးဆိုင်ရာကျွမ်းကျင်ပညာရှင် ပြန်လည်နေရာချထားရေးနေရာသို့ လာရောက်ခြင်း



မတ်လ ၂၇ ရက်နေတွင် မြိုင်သာယာ (၃) ရက်ကွက်သို့ ရေပေးဝေရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး လာရောက်၍ ကောင်းမွန်သင့်လျော်သော ရေပေးဝေရေးစနစ် တည်ဆောက်ရန်အတွက် ကွင်းဆင်းလေ့လာခြင်း ပြုလုပ်ပြီး၊ ရေတွင်းမှ ရေများကို စစ်ဆေး နိုင်းယှဉ်သောက်ကြည့်ခဲ့ပါသည်။ ဆောက်လုပ်ရေးကုမ္ပဏီ နှစ်ဖွဲ့လည်း လာရောက်ခဲ့ပါသည်။ အဝီစိ တွင်းမှ ရေများကို ထုတ်ယူပြီး ဒေသခံများနှင့် အတူတူ ရေ၏အရည်အသွေးကို စမ်းသပ်သည့်အနေဖြင့် သောက်ကြည့်ကြပါသည်။ ဒေသခံများမှ သောက်ကြည့်ပြီးနောက် ၎င်းအဝီစိတွင်းမှ ရေမှာ မြိုင်သာယာ (၃)ရပ်ကွက်အတွင်းရှိ အခြားသော ရေတွင်းများမှ ရေထက်ပိုမို ကောင်းမွန်းကြောင်း ပြောကြပါသည်။

## Water Supply Expert coming to relocation site (March 4th 2016)



Water Supply Expert came to Myaing Thar Yar Ward (3) to check the water quality and feasibility of construction design on 4th March 2016. Two of the construction companies also came and tasted the quality of water together with the community people. All of the community people mention that the taste of water from the deep tube well is better than any other wells in relocation site.

## ဇရိယာ ၂-၁ မှ ဒေသခံများနှင့် တွေ့ဆုံခြင်း (၂၀၁၆ မတ်လ ၁၅ ရက်)



သီလဝါအထူးစီးပွားရေးဇုန် ဇရိယာ (၂-၁) အတွက် ပြန်လည်နေရာ ချထားရေးလုပ်ငန်းစီမံချက်ကို ယင်းဇရိယာအတွင်းနေထိုင်သူများအား မတ်လ ၁၅ ရက်နေတွင် အိုင်အာပီအဖွဲ့၏ ရုံးခန်းသို့ ဖိတ်ခေါ်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီမှ ဦးကျော်သန်းမှ ရှင်းပြခဲ့ပါသည်။ အစည်းအဝေးသို့ ဇရိယာ ၂-၁ မှ (၇)ဦးသာ တက်ရောက်ခဲ့ပါသည်။ ပြန်လည်နေရာချထားရေး လုပ်ငန်းစီမံချက် အပေါ်တွင် အကြံပြုလိုသည့်အချက်များနှင့်ပက်သက်၍ နောက်တစ်ကြိမ် အစည်းအဝေးကို မတ်လ ၂၀ ရက်နေတွင် ထပ်မံကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။

## Meeting with the people from area 2-1 (Mar 15th 2016)



People from area 2-1 were invited to attend the meeting in IRP office at Thilawa and explained about the Resettlement Work Plan for area 2-1 by U Kyaw Than, mediator from TSEZMC on 15th Mar 2016. 7 villagers from area 2-1 attended. To get the comment from the people who live in area 2-1 on RWP, another public consultation meeting will be held on 20th March 2016.

## စတုတ္ထအကြိမ်မြောက် ဘက်ပေါင်းစုံပါဝင်သော အကြံပေးညှိနှိုင်းအဖွဲ့ အစည်းအဝေး(၂၀၁၆ မတ်လ ၁၇ ရက်)




စတုတ္ထအကြိမ်မြောက် ဘက်ပေါင်းစုံပါဝင်သော အကြံပေးညှိနှိုင်းအဖွဲ့ အစည်းအဝေးကို မတ်လ ၁၇ ရက်နေ့တွင် ပက်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီ၊ MJTD၊ စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများမှ ကိုယ်စားလှယ်များ၊ နှင့် အခြားသော ဆက်နွယ်သည့် အဖွဲ့အစည်းများ အယောက် ၃၀ခန့် တက်ရောက်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ လတ်တလောအခြေအနေ၊ MJTD နှင့် ကုမ္ပဏီများဘက်မှ နောက်ဆုံအခြေအနေများကို ရှင်းပြခြင်းများ၊ နစ်နာမှုတိုင်တန်းချက်များ၊ တောင်းဆိုမှုများ အခြေအနေနှင့် ပြဿနာ ဖြေရှင်းရေး ယန္တရား အကြောင်းများကို ဆွေးနွေးခဲ့ပါသည်။

## ရေပေးဝေမှုစနစ်နှင့်ပတ်သက်၍ ဒေသခံများနှင့် ဆွေးနွေးခြင်း (၂၀၁၆ မတ် ၃၁ ရက်)




ရေပေးဝေးရေးဆိုင်ရာ အကြောင်းအရာများကို ပြန်လည်နေရာချထားရေး နေရာမှ လူထုနှင့် မတ်လ ၃၁ ရက်နေ့တွင် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ ဦးဇင်းဦးစန္ဒာဝရမှ ရေးပေးဝေမှုစနစ် ထိန်းသိမ်းရန်နှင့် စီမံခန့်ခွဲရန်အတွက် ရေပေးဝေရေး အဖွဲ့ ဖွဲ့ရန်လိုအပ်ကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။ အစည်းအဝေးကို ဒေသခံ ၃၁ ဦးခန့်တက်ရောက်ခဲ့ပြီး ရေပေးဝေရေးအဖွဲ့ ဝင် ၅ ဦးကို ရွေးချယ်တင်မြောက်ခဲ့ပါသည်။ ရေပိုက်ခေါင်း နှင့်ရေမီတာတပ်ဆင်ရန် တစ်အိမ်ချင်းစီမှ ငွေကျပ် ၁၀,၀၀၀ ပေးဆောင်ရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်းနှင့် စာရင်းကိုင် ဝန်ထမ်းလစာငွေ အတွက် လီတာ ၁၀၀ လျှင် ငွေ ၉၀ကျပ်ပေးဆောင်ရန်လည်း အားလုံးမှ သဘောတူကြပါသည်။

## 4th Multi-stakeholder Advisory Group Meeting (17th March 2016)






4th Multi-stakeholder Advisory Group Meeting was held at Park Royal Hotel on 17th March 2016. Thilawa SEZ Management Committee (TSEZMC), MJTD, representatives from Project Affected People and other related stakeholders about 30 participants attended and discussed the current situation of Thilawa SEZ, updated from MJTD and locator companies, complaint, request and enquiries status and Interim grievance mechanism.

## Discussion about water supply system for PAPs (Mar 31th 2016)



Discussion with community people about water supply system has done in relocation site on March 31th 2016. U Sandar Wara explained to community people that how it is important to organize the Water Users Association (WUA) for managing and maintenance. 31 PAPs attended. All participants agreed to pay 10,000 kyat to install water meter, pipe and tap for each house. 5 members were selected as WUA. PAPs also agreed to pay 100 liter per 90 kyat for maintenance and the salary of staffs for accountant treasurer.